# ကြိုတင်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်များသို့ အသိပေးကြေညာချက်

၁။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေမှုအခြေအနေများအရ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ဖွဲ့စည်းထားရှိသော ကြိုတင်ဆန္ဒမဲကောက်ယူရေးအဖွဲ့များသည် အသက်၆၀နှစ် နှင့်အထက် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲများကို ၂၉-၁၀-၂၀၂၀ ရက်နေ့မှ ၅-၁၁-၂၀၂၀ ရက်နေ့ကာလအတွင်း ကောက်ယူပေးလျက်ရှိပါသည်။

၂။ ထိုကဲ့သို့ ကြိုတင်ဆန္ဒမဲများရယူရာတွင် ဆန္ဒပြုပြီးဆန္ဒမဲလက်မှတ်များ ထည့်သွင်းသည့် စာအိတ်များကိုမဲဆန္ဒရှင်များက လုံခြုံစွာပိတ်ခဲ့မှုမရှိခြင်း၊ အချို့စာအိတ်များကို ကော်သုတ်၍ ပိတ်ရာ၌ ဆန္ဒမဲလက်မှတ်ကို အစွန်းအထင်းဖြစ်ပေါ်နိုင်စေခြင်း၊ တာဝန်ရှိသူက စာအိတ်များကို ဖွင့်ဖောက်သည့်အခါ ဆန္ဒမဲလက်မှတ်စုတ်ပြဲမှုဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် အဆိုပါ ဆန္ဒမဲလက်မှတ်များကို ပယ်မဲအဖြစ် သတ်မှတ်မည် မဟုတ်ပါ။

၃။ ထို့အပြင် ကြိုတင်ဆန္ဒမဲကောက်ယူရေးအဖွဲ့များက အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်များ၏ နေအိမ်များသို့သွားရောက်၍ ကြိုတင်ဆန္ဒမဲများ ရယူရာတွင် ကောက်ယူရမည့် မဲဆန္ဒရှင်အရေအတွက် များပြားခြင်းကြောင့် အောက်ပါအခြေအနေမျိုး တွေ့ရှိရသဖြင့် ယင်းဆန္ဒမဲလက်မှတ်များကိုလည်း ပယ်မဲအဖြစ် သတ်မှတ်မည်မဟုတ်ပါ-

(က) သတ်မှတ်ထားသော အမှန်ခြစ်တံဆိပ်တုံးဖြင့် ဆန္ဒပြုရမည့်အစား ဘောလ်ပင်ဖြင့် အမှန်ခြစ်၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(ခ) ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲရုံမှူး၏ လက်မှတ် သို့မဟုတ် ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်အဖွဲ့ခွဲတံဆိပ်တုံး သို့မဟုတ် တာဝန်ခံထုတ်ပေးသူ၏ လက်မှတ်နှင့် အမည်ပါရှိသော ဆန္ဒမဲလက်မှတ်၊

(ဂ) လွှတ်တော်အလိုက်ထည့်သွင်းရမည့် ကြိုတင်မဲလက်မှတ်နှင့် စာအိတ် လွဲမှားသော်လည်း မဲဆန္ဒရှင်က မှန်ကန်စွာ ဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြိုတင်ဆန္ဒမဲများ ကောက်ယူပြီးစီးပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲရုံများအလိုက် ထားရှိသော ချိပ်ပိတ်ထားသည့် ကြိုတင်ဆန္ဒမဲပုံးအတွင်းသို့ ပြောင်းရွှေ့ထည့်သွင်းရန်အတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ညွှန်ကြားထားပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ရဲလုံခြုံရေး အစောင့်အရှောက်ဖြင့် ထိန်းသိမ်းထားရှိသော မဲရုံအလိုက်ချိပ်ပိတ်ထားသည့် ကြိုတင်ဆန္ဒမဲပုံးများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် သတ်မှတ်ထားသည့်နေရာမှ စောင့်ကြပ်ကြည့်ရှုလေ့လာနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်